- 'ကြက်သီး မွေးညင်း ထစေသည်' ဟု မြန်မာတို့ ပြောလေ့ပြောထ ရှိသည်ကို 'အမွေးအမှင်များ ထောင်လာစေသည်' to make one's hair stand on end ဟု အင်္ဂလိပ်တို့က ပြောလေ့ရှိသည်။

The movie was gruesome enough to make the viewers' hair stand on end.

ထိုရုပ်ရှင်ကားသည် ကြက်သီးမွေးညင်းထစေအောင် ထိတ်လန့်စက်ဆုပ်ဖွယ် ကောင်းသည်။

- 'ကပ်၍ ပွတ်ကာ သီကာ နိုင်သည်' ဟု ဆိုချင်ပါက win by a hair ဟူသော ဝေါဟာရကို သုံးလေ့ရှိသည်။

At the last lap of the race, my horse overtook the champion horse and I won by a hair.

မြင်းပွဲ၌ ကျွန်တော် လောင်းထားသော မြင်းသည် ပွဲတိုင်းကျော် မြင်းကို နောက်ဆုံး တာအဝင်၌ ကျော်တက်သွားသဖြင့် ပွတ်ကာသီကာ နိုင်သည်။

- Hair-raiser ဆိုသည်မှာ ကြောက်လန့်ဖွယ်၊ တုန်လှုပ်ဖွယ်ဟူသော အဓိပ္ပာယ် ကိုဆောင်သည်။

A ride in his sports-car was a real hair-raiser.

သူ၏ ပြိုင်ကား စီးရသည်မှာ ဆံပင်များ ထောင်သွားအောင် ကြောက်လန့်ဖွယ် ကောင်းသည်။

- 'သီသီကလေး' ဟူသော စကားကို ပိုမိုထင်ရှားအောင် အင်္ဂလိပ်တို့က 'ဆံပင် ချည် တစ်မျှင်စာခန့်' a hair's breadth ဟူသော ဝေါဟာရကို သုံးစွဲသည်။

The bus in which he was riding jumped over a clilff but he escaped death by a hair's breadth.

သူစီးလာသော ဘတ်စကားသည် ချောက်ကမ်းပါးပေါ်မှ ကျသွားသော်လည်း သူသည် အသက်ဘေးမှ သီသီကလေး လွတ်သွားသည်။

- ဆံညှပ်ကဲ့သို့ ကွေ့ကောက်သော လမ်းကွေ့ကို a hairpin bend ဟု ခေါ်သည်။

Than Aung warned his driver to be careful when he got to a hairpin bend in the road.

သန်းအောင်သည် သူ့ ကားမောင်းသူအား လမ်းကွေ့ရောက်လျှင်သတိထားရန် ပြောသည်။

- အရက်နာကျလျှင် ထပ်၍ သောက်ခြင်းအားဖြင့် သက်သာရာရသည်ဟု အရက်သမားများက ယူဆကြသည်ကို to take a hair of the dog that bit you ဟု အင်္ဂလိပ်တို့က ပြောလေ့ပြောထရှိကြသည်။



To get relief from hangover, Myint Maung advised me to take a hair of the dog that bit me.

အရက်နာကျလျှင် သက်သာရန် ဒဏ်ပြန်သဘော အရက်အနည်းငယ် ထပ်၍ သောက်ရန် မြင့်မောင်က အကြံပေးသည်။

- တန်ခိုးအာဏာရှိသူများက မြှောက်စားထားသူကို a fair-haired boy ဟု သမုတ်ကြသည်။

Mondale was reputed to be the fair-haired boy of the Democratic Party.

မွန်ဒေးသည် ဒီမိုကရက်တစ်ပါတီ၏ မြှောက်စားခြင်း ခံရသူဖြစ်သည်ဟု ကျော်ကြားသည်။

- စိတ်မလှုပ်ရှားနှင့်၊ စိတ် ငြိမ်ငြိမ်ထားဟု ပြောလိုလျှင် keep your hair on ဟု ပြောလေ့ ရေးလေ့ရှိ၏။

Don't get excited over the loss of a cheap camera; keep your hair on.

ဈေးမကြီးလှသော ကင်မရာ ပျောက်သွားသောကြောင့် စိတ်ထိခိုက်မသွားပါနှင့်၊ စိတ်ငြိမ်ငြိမ်ထားပါ။

- Cross hairs ဆိုသည်မှာ မှန်ဘီလူးများကို ပြတ်သားသည့်အနေအထားသို့ ချိန်ရာ၌ ကြက်ခြေကဲ့သို့ ကန့်လန့်ဖြတ်နေသည့် အကြောင်း နှစ်ကြောင်းကို ဆိုလိုသည်။ တင်စား၍ ပြောရာ၌ 'ဝေဖန်ခြင်း ၊ ရည်ညွှန်းခြင်းခံရသူ' ကို ဆိုလိုသည်။

She is likely to stay in the corss hairs of the disaffected elements in Filipino society.

သူမသည် မသင့်မမြတ်ဖြစ်နေသော ဖိလိပိုင်နိုင်ငံမှ လူအဖွဲ့အစည်း၏ ဝေဖန်ခြင်းခံရသူအဖြစ် ရှိနေဖို့များသည်။ တစ်နည်းဆိုရသော် သူမသည် အကွဲကွဲအပြားပြား ဖြစ်နေသော ဖိလိပိုင်နိုင်ငံ လူ့အသိုင်းအဝိုင်းတို့၏ ဝေဖန်စရာ ပစ်မှတ် ဖြစ်နေသည်။